အာဗြဟံ၊ လ္ကဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Thursday—Evening Session)

Message Three

မိန်းမနှစ်ဦး၏ တင်စားဖော်ပြချက်

ဖတ်ရန်ကျမ်း။ ။ က၊ ၁၆း၁ - ၁၇း၁၄။ ဂလ၊ ၄း၂၁-၃၁

I. အာဗြဟံ၏ဇနီး စာရာနှင့် မယားငယ်ဖြစ်သော ဟာဂရသည် ပဋိညာဉ်နှစ်ခု၏ တင်စားဖော်ပြချက်ဖြစ်သည် - ကတိတော်၏ ပဋိညာဉ်နှင့် ပညတ်တရား၏ပဋိညာဉ်တို့ဖြစ်သည် - က၊၁၆း၁-၃။ ဂလ၊၄း၂၄။

A. လွတ်လပ်သောမိန်းမ စာရာသည် ကတိတော်၏ ပဋိညာဉ်ကို ပုံဆောင်ပြီး၊ ၎င်းမှာ သေတမ်းစာအသစ်ဖြစ်သော ကျေးဇူးတော်၏ ပဋိညာဉ်နှင့် ဆက်နွယ်သည် - အင်္ဂလိ၊ ၂၃-၂၄။ က၊၁၂း၇။ ၁၅း၇-၂၁။

1. ထိုပဋိညာဉ်၌ ဘုရားသခင်သည် အာဗြဟံအား မျိုးစေ့ကို ပေးတော်မူမည်အကြောင်း ကတိတော်ပေးခဲ့ပြီး၊ အာဗြဟံအားထိုအရာကို ရရှိဖို့အလို့ငှာ မည်သည့်အရာမျှ လုပ်ဆောင်စေဖို့ မတောင်းဆိုပေ။ ဘုရားသခင်သည် သူ့အထဲသို့ တစ်စုံတစ်ရာ လုပ်ဆောင်ပေးခြင်းအားဖြင့် ကိုယ်တော်၏ အကြံအစည်တော်ကို ပြည့်စုံစေမည့် မျိုးစေ့ကို သူမွေးဖွားလာနိုင်မည်ဖြစ်သည်။ ဤသည်မှာ ကျေးဇူးတော်ဖြစ်သည် - အင်္ဂလိ၊၄။
2. အာဗြဟံ၏ သင့်လျော်မှန်ကန်သော မိန်းမဖြစ်သည့် လွတ်လပ်သောမိန်းမ စာရာသည် ဤကျေးဇူးတော်ပဋိညာဉ်တရား၏ အမှတ်သင်္ကေတ ဖြစ်သည်။ သူမသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လ္ကဇာက်ကို မွေးဖွားခဲ့သည်။
3. ကျေးဇူးတော်၏ ကတိတော်မှ ထွက်ပေါ်လာသော လ္ကဇာက်သည် ဘုရားသခင်၏အကြံအစည်တော်ကို ပြီးပြည့်စုံစေမည့် မျိုးစေ့ ဖြစ်သည် - ၁၇း၁၉။ ၂၁း၁၂။

B. ကျွန်မိန်းမဖြစ်သည့် ဟာဂရသည် ပညတ်တရား၏ ပဋိညာဉ်ကို ပုံဆောင်သည် - ဂလ၊ ၄း၂၄-၂၅။

1. အာဗြဟံ၏ မယားငယ် ဟာဂရသည် ပညတ်တရား၏ အမှတ်သင်္ကေတ ဖြစ်သည်။ ဤအရာအားဖြင့် ပညတ်တရား၏ အနေအထားသည် မယားငယ်တစ်ယောက်၏ အနေအထားဖြစ်သည်ကို ကျွန်ုပ်တို့ မြင်ရသည် - က၊၁၆း၁-၃။
2. ဟာဂရအားဖြင့် ပုံဆောင်သော ပညတ်တရား၏ ပဋိညာဉ်သည် ဘုရားသခင်၏ ရွေးချယ်ခံလူများအား ပညတ်တရား၏ ကျွန်ခံခြင်း၊ ချည်နှောင်ခြင်းအထဲသို့ ခေါ်ဆောင်ပေးပြီး၊ သူတို့အား ဘုရားသခင်၏ကျေးဇူးတော်မှ ကွဲကွာစေ၍၊ ပညတ်တရား၏ အောက်၌ ကျွန်များဖြစ်စေသည် - ဂလ၊၄း၂၅။ ၅း၁၊ ၄။
3. အာဗြဟံသည် ဟာဂရမှတစ်ဆင့် လ္ကဏ္ဍမေလကို မွေးဖွားခြင်းမှာ ပညတ်တရားနှင့် ပူပေါင်းဆောင်ရွက်ခြင်း၌ အသွေးအသား၏ ကြိုးစားအားထုတ်ခြင်းအားဖြင့် ဘုရားသခင်၏ အကြံအစည်တော်ကို ပြီးပြည့်စုံစေရန် လူ၏ကြိုးပမ်းအားထုတ်မှုကို သရုပ်ဖော်ပြနေသည် - က၊၁၆း၄၊ ၁၅-၁၆။ ဂလ၊၂း၁၆။ ၄း၂၃က။
4. အာဗြဟံသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် မဟုတ်ဘဲ၊ မိမိ၏အသွေးအသား အားထုတ်မှုအားဖြင့် ဟာဂရမှတစ်ဆင့် လ္ကဏ္ဍမေလကို မွေးဖွားခဲ့သည်။ ထို့ကြောင့် ပညတ်တရားအတိုင်း လူ၏အသွေးအသား အားထုတ်မှုမှ ထွက်ပေါ်လာသောရလဒ်အနေဖြင့် လ္ကဏ္ဍမေလကို ဘုရားသခင်က ငြင်းပယ်ခဲ့သည် - က၊၁၇း၁၈-၁၉။ ၂၁း၁၀။ ဂလ၊၄း၃၀။

C. ကတိတော်ကို ကမ္ဘာဦး ၁၂း၂၊ ၇။ ၁၃း၁၅-၁၇။ ၁၅း၄-၅ တွင် ပေးခဲ့ပြီး၊ ပဋိညာဉ်တရားကို ၁၅း၇-၂၁ ၌ ပေးခဲ့သည်။

1. ဘုရားသခင်၏ ရည်ရွယ်ချက်အရ၊ ကတိတော်ပဋိညာဉ်သည် ပညတ်တရားပဋိညာဉ်မတိုင်မီ၊ ရှေ့ဦးစွာ ရောက်လာခဲ့သည်။ ကိုယ်တော်၏ အကြံအစည်တော် ပြည့်စုံစေခြင်းအတွက် ပညတ်တရားကို ဆောင်ယူလာရန်နှင့် ၎င်းကို စောင့်ထိန်းဖို့ ကြိုးစားအားထုတ်သောလူကို ရရှိရန် ကိုယ်တော်၌ ရည်ရွယ်ချက်မရှိခဲ့ပါ။
2. ဘုရားသခင်၏ မူလအစ ရည်ရွယ်ချက်မှာ လူမှတစ်ဆင့် ကိုယ်တော်၏အကြံအစည်တော် ပြည့်စုံစေခြင်းဌာ လူအထဲသို့ မိမိ ကိုယ်တော်တိုင်ကို အလုပ်လုပ်ဆောင်ရန်ဖြစ်သည် - အင်္ဂလိ၊၄။

D. ကမ္ဘာဦး ၁၅း၇-၂၁ ၌ အာဗြဟံနှင့် ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်သည် ကမ္ဘာဦး ၁၇း၁-၁၄ ၌ အရေဖျားလှီးခြင်းအားဖြင့် အတည်ပြုခြင်း ရှိခဲ့သည်။

1. အပိုဒ်ငယ် ၁ ၌ ဘုရားသခင်သည် အာဗြဟံထံသို့ အရာအားလုံး ပြည့်စုံလုံလောက်သောဘုရားအဖြစ် မိမိကိုယ်တော်တိုင်ကို ဖွင့်ပြခဲ့သည်။ အရာအားလုံးပြည့်စုံလုံလောက်သော အနန္တတန်ခိုးရှင်အဖြစ် ကိုယ်တော်သည် ခေါ်ခြင်းခံရသူများကို သူ၏ဘုရားဖြစ်ခြင်း ကြွယ်ဝခြင်းများဖြင့် ထောက်ပံ့မစပေးသော ကျေးဇူးတော်၏အရင်းအမြစ် ဖြစ်သည်။ သို့မှသာ သူတို့သည် ကိုယ်တော်၏အကြံအစည်တော် ပြည့်စုံစေရန်အတွက် မျိုးစေ့တည်းဟူသော ခရစ်တော်ကို မွေးဖွားနိုင်မည် ဖြစ်သည်။

2. ကမ္ဘာဦး ၁၆ ၌ အာဗြဟံသည် ဣရှမေလကို မွေးဖွားရန် သူ၏အသွေးအသားကို လေ့ကျင့်ခဲ့သည်။ ကမ္ဘာဦး ၁၇ ၌ ဘုရားသခင်သည် အာဗြဟံအား သူ၏အသွေးအသားကို ဖြတ်တောက်ရန်၊ သူ၏ ဇာတိခွန်အားကို အဆုံးသတ်ရန် မိန့်တော်မူခဲ့သည်၊ သို့မှသာ ဘုရားသခင်သည် ကြွလာကာ၊ ကျေးဇူးတော်အားဖြင့် ဣဇာက်ကို မွေးဖွားနိုင်မည်ဖြစ်သည်။

3. အရေဖျားလှီးခြင်း၏ ဝိညာဉ်ရေးရာ ပုံဆောင်ချက်မှာ ခရစ်တော်၏ အသေခံတော်မူခြင်းအားဖြင့် အသွေးအသားကို ချွတ်ပယ်ခြင်း၊ အတ္တနှင့် လူဟောင်းကို ချွတ်ပယ်ခြင်းဖြစ်သည် - ကော၊ ၂း၁၁၊ ၁၃က။ ဖိ၃း၃။

a. ဝိညာဉ်ရေးဆိုင်ရာ အရေဖျားလှီးခြင်းသည် ကျွန်ုပ်တို့၏ အသွေးအသား၌ ခရစ်တော်၏အသေခံခြင်းကို အဆက်မပြတ် ယူဆောင်အသုံးချခြင်းဖြစ်သည် - ဂလ၊၅း၂၄။ ရော၊၈း၁၃။

b. အရေဖျားလှီးခြင်းသည် မိမိကိုယ်တိုင်အားဖြင့် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရန်နှင့် ကိုယ်တော်၏ကတိတော်ကို ပြီးပြည့်စုံစေရန် ကြိုးစားသော အသွေးအသားကို ဆက်ဆံဖြေရှင်းခြင်းဖြစ်သည် - ဖိ၃း၃။

4. အရေဖျားလှီးခြင်းဖြင့် ပဋိညာဉ်တရားကို အတည်ပြုခြင်းမှာ ဘုရားသခင်၏ အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် မျိုးစေ့နှင့်မြေ နှင့်ဆက်နွယ်နေသည် - က၊၁၇း၂-၈။

a. လူသည် ကိုယ်တော်ကို ထင်ရှားရန်နှင့် ကိုယ်စားပြုနိုင်ရန် ဘုရားသခင်၏ ထာဝရ အကြံအစည်တော်ကို ပြည့်စုံစေခြင်းအလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျိုးစေ့နှင့် ကျွန်ုပ်တို့၏မြေတည်းဟူသော ခရစ်တော်ကို ရရှိရန် လိုအပ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် အရေဖျားလှီးခြင်း ခံရန် လိုအပ်ပြီး၊ အသေခံသောအသက်တာဖြင့် အသက်ရှင်ရန် လိုအပ်သည် - ဂလ၊ ၅း၂၄။ ၆း၁၄။

b. အသွေးအသား၊ အတ္တနှင့် လူဟောင်းကို အဆုံးသတ်လိုက်သောအခါ၊ ဘုရားသခင်ဝင်ရောက်လာ၍၊ ဣဇာက်ကို မွေးဖွားရန် တံခါးပွင့်လာလိမ့်မည်ဖြစ်သည် - က၊၁၈း၁၀၊ ၁၄။ ၂၁း၁-၃။

II. ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း၌ အာဗြဟံ၏ တွေ့ကြုံခံစားရခြင်း အလင်းအောက်တွင် ဂလာတိ ၄း၂၁-၃၁ ကို စဉ်စားဆင်ခြင်ရန် လိုအပ်သည်။

A. ဂလာတိ ၄း၂၁-၃၁ ၌ ပေါလုက ဟာဂရသည် မြေကြီးဆိုင်ရာ ယေရုရှလင်ဖြင့် ပုံဆောင်ထားသော ပညတ်တရားကို ရည်ညွှန်း၍၊ စာရာသည် ကောင်းကင်ဆိုင်ရာယေရုရှလင်ဖြင့် ပုံဆောင်ထားသော ကျေးဇူးတော်ကို ရည်ညွှန်းကြောင်း ပြောထားသည် - အငယ်၂၅-၂၆။

B. ဟာဂရနှင့်စာရာသည် ပဋိညာဉ်နှစ်ခု - ပညတ်တရား၏ပဋိညာဉ်နှင့် ကျေးဇူးတော်၏ပဋိညာဉ် - ကို ကိုယ်စားပြုသည်။ ပညတ်တရားသည် တစ်စုံတစ်ခုကို ထုတ်လုပ်ရန် လူ၏အားထုတ်မှုနှင့် လူ၏တတ်စွမ်းနိုင်မှုအကြောင်းအရာဖြစ်ပြီး၊ ကျေးဇူးတော်မူကား၊ များစွာသောသားများကို ထုတ်လုပ်ရန် ကိုယ်တော်၏ ရွေးချယ်ခံလူများအား ဘုရားသခင် ပေးထားသောအရာ ဖြစ်သည် - ၃း၂၆။ ၄း၆။

C. အာဗြဟံနှင့် ဘုရားသခင်ပြုခဲ့သော မူလပဋိညာဉ်မှာ ကျေးဇူးတော်၏ပဋိညာဉ်ဖြစ်သည်။

1. ဤပဋိညာဉ်၌ လူတတ်စွမ်းနိုင်မှု သို့မဟုတ် အားထုတ်မှုကို မလိုအပ်ပေ။ သို့သော် များစွာသောသားများကို ထုတ်လုပ်ရန် ဘုရားသခင်၏ကျေးဇူးတော်အတွက် လိုအပ်ချက်ဖြစ်သည် - ၃း၂၉။

2. ဤပဋိညာဉ်သည် သေတမ်းစာအသစ်နှင့် တူညီသည်။ ဆိုလိုသည်မှာ အာဗြဟံနှင့် ဘုရားသခင်ပြုသော ပဋိညာဉ်သည် အမှန်တွင် သေတမ်းစာအသစ်ပင် ဖြစ်သည် - အငယ်၊၈။ ဟေဗြဲ၊၈း၇-၈။
   a. သေတမ်းစာအသစ်သည် အာဗြဟံနှင့် ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်၏အဆက်ဖြစ်သည် - က၊၁၅း၇-၂၁။
   b. သေတမ်းစာအသစ်သည် သားများကိုမွေးဖွားရန် အာဗြဟံနှင့် ဘုရားသခင်ပြုခဲ့သော ကျေးဇူးတော် ပဋိညာဉ်တရား၏ အပြည့်အဝ ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည်။ ဤပဋိညာဉ်တရားအားဖြင့် မွေးဖွားလာသော သားများမှ ပထမဆုံးသောသူမှာ အာဗြဟံကိုယ်တိုင်ပင်ဖြစ်သည် - ဂလ၊၃း၂၆။ ၄း၆။ ဟေဗြဲ၊၂း၁၀။

D. ပဋိညာဉ်နှစ်ခုအားဖြင့် မွေးဖွားလာသော၊ မတူညီသောသားနှစ်ယောက်သည် သူတို့၏ သဘောသဘာဝ၌ ခြားနားသည် - ဂလ၊ ၄း၂၄၊ ၂၈-၃၁။
   1. ပညတ်တရား၏ ပဋိညာဉ်ဖြင့် မွေးဖွားလာသော သားသည် အသွေးအသားအတိုင်း မွေးဖွားလာခြင်း ဖြစ်၍၊ ကတိတော်၏ ပဋိညာဉ်အားဖြင့် မွေးဖွားလာသောသားသည် ဝိညာဉ်တော်အတိုင်း မွေးဖွားလာခြင်းဖြစ်သည် - အငယ်၊၂၉။
   2. အသွေးအသားအတိုင်း မွေးဖွားလာသောသားများသည် ဘုရားသခင်၏ ကတိတော် ကောင်းချီးမင်္ဂလာ၌ ပါဝင်ဆက်ဆံခွင့်မရပေ။ သို့သော် ဝိညာဉ်တော်အတိုင်း မွေးဖွားလာသောသားများသည် ပြည့်ဝစွာသောအခွင့် ရှိကြသည် - အငယ်၊ ၃၀-၃၁။
   3. ကျွန်ုပ်တို့၌ ကျေးဇူးတော်၊ ခရစ်တော်နှင့် အသက်ပေးသော ဝိညာဉ်တော် ရှိသောကြောင့်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အတိုင်း ဖြစ်သောသားများ ဖြစ်ကြသည် - ၆း၁၈။ ကော၊၁း၂၇။ ၁ကော၊၁၅း၄၅။
      a. ဤဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိနေပြီး၊ ကျွန်ုပ်တို့အား ဝိညာဉ်တော်အတိုင်းဖြစ်သော သားများဖြစ်စေသည်။ ဤသည်မှာ ဂလာတိ ၃ နှင့် ၄ ၌ရှိသော အံ့သြဖွယ်သော ဖွင့်ပြခြင်းဖြစ်သည်။
      b. ဝိညာဉ်တော်အတိုင်း မွေးဖွားလာသောသားများအနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေခြင်း၌ တည်နေ၍၊ ကျေးဇူးတော်၊ ခရစ်တော်နှင့် ဧဝံဂေလိတရား၏ ကောင်းချီးမင်္ဂလာတည်းဟူသော အရာအားလုံးပါဝင်သော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသင့်ပါသည် - ၃း၁၄။

E. ဂလာတိ ၄ ၌ အထက်ယေရုရှလင်၊ ယေရုရှလင်မြို့သစ်ဖြစ်သော ယုံကြည်သူများ၏ အမိသည် စာရာအားဖြင့် ပုံဆောင်ထားသော ကျေးဇူးတော် ပဋိညာဉ်တရားသစ်ဖြစ်သည် - အငယ်၊၂၆။
   1. ယေရုရှလင်မြို့သစ်၊ ကောင်းကင်ဆိုင်ရာ ယေရုရှလင်၊ အထက် ယေရုရှလင်သည် ကျွန်ုပ်တို့၏အမိ ဖြစ်၍၊ ဤအမိမှာ ကျေးဇူးတော်၏ ပဋိညာဉ်တရားသစ် ဖြစ်သည် - ဟေဗြဲ၊၈း၇-၁၃။ ၁၂း၂၂-၂၃။
      a. ပဋိညာဉ်တရားသစ်သည် ကျွန်ုပ်တို့၏အမိ ဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်တို့အား လွတ်လပ်သော သားများအဖြစ် မွေးဖွားပေးသောကြောင့် ဖြစ်သည် - ဂလ၊၄း၃၁။
      b. ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်အောက်တွင် မွေးဖွားခြင်းခံရကြပြီး၊ အထက်ယေရုရှလင်သည် ကျွန်ုပ်တို့၏အမိ ဖြစ်သည် - အငယ်၊၂၆။
      c. ဤမိန်းမသည် ပဋိညာဉ်သစ်နှင့် ကျွန်ုပ်တို့၏အမိဖြစ်၍၊ ကျွန်ုပ်တို့၏အမိမှာ ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သည်။
   2. ခမည်းတော်သည် ကျေးဇူးတော်ပေးသောသူဖြစ်ပြီး၊ ကျေးဇူးတော်သည် ပဋိညာဉ်ဖြစ်သည်။ ပဋိညာဉ်သည် မြို့တော်၊ အထက်ယေရုရှလင်၊ ယေရုရှလင်မြို့သစ်ဖြစ်ကာ၊ ကျွန်ုပ်တို့၏ အမိဖြစ်သည်။ အမိအားဖြင့် မွေးဖွားလာသောသားများသည် အမိ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ အမိသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် ကိုယ်တော်ထံသို့ ပြန်သွားသည်၊ ခမည်းတော်မှလာခြင်းဖြစ်သောကြောင့် ခမည်းတော်ထံသို့ ခရီးစဉ်အဆုံးအဖြစ် ပြန်သွားခြင်းဖြစ်သည် - ၁း၃။၁ကော၊ ၈း၆။
   3. ပဋိညာဉ်သစ်ကို လက်ခံရရှိရန်နှင့် ၎င်းကိုစောင့်ထိန်းရန်မှာ ကောင်းကင်ဆိုင်ရာယေရုရှလင်နှင့် အသင်းတော်သို့လာရန် ဖြစ်သည်။ ပဋိညာဉ်တရားသစ်၊ ကောင်းကင်ဆိုင်ရာ ယေရုရှလင်နှင့် အသင်းတော်သည် တစ်ခုတည်းဖြစ်သည် - ဟေဗြဲ၊ ၈း၇-၁၃။ ၁၂း၂၂-၂၃။

4. ယုံကြည်သူများ၏အမိသည် အာဗြဟံစောင့်မျှော်နေသော မြို့တော်ဖြစ်သည် - ၁၁း၁၀။
   a. ဤမြို့တော်ကို ၁၂း၂၂ ၌ ဖော်ပြထား၍၊ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာယေရုရှလင်၊ ခရစ်တော်၏ဇနီးနှင့် သူမ ဖြင့် မွေးဖွားသော ဘုရားသားများ ပေါင်းစပ်ပါဝင်သည့် ဓမ္မသစ်ယုံကြည်သူများ၏ အမိထံသို့ တိုးဝင်လာကြ ကြောင်းကို ပြောထားသည်။
   b. အာဗြဟံကို ရွေးချယ်ရာ၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ရန်ဖြစ်ပြီး၊ ယင်း မှာ ယေရုရှလင်မြို့သစ် - ကိုယ်တော်၏အဆုံးစွန်နှင့် ထာဝရ စုပေါင်းထင်ရှားခြင်းကို စေ့စပ်ထုံးဖွဲ့ရန် ကျေးဇူးတော် ဖြင့် မွေးဖွားလာသော၊ များစွာသောသားများကို ထုတ်လုပ်ရန်ဖြစ်သည် - ဗျာ၂၁း၁-၂၊ ၇။

© 2026 Living Stream Ministry